

# ယေရှု ရှင်ပြန်ထမြောက်ပြီ

**မဿဲ ၂၈:၃-၁၅ မာကု ၁၆:၅-၈ လုကာ ၂၄:၄-၁၂ ယောဟန် ၂၀:၂-၁၈**

- **ယေရှု ရှင်ပြန်ထမြောက်ပြီ**
- **ယေရှုရဲ့သင်္ချိုင်းဂူမှာ တွေ့ရတဲ့ အရာများ**
- **အမျိုးသမီးတွေကို ကိုယ်ယောင်ထင်ရှားပြ**

ဟာလာဟင်းလင်းဖြစ်နေတဲ့ သင်္ချိုင်းဂူကို အမျိုးသမီးတွေ တွေ့လိုက်တဲ့အခါ ဘယ်လောက်တောင် လန့်သွားကြမလဲဆိုတာ စဉ်းစားကြည့်ပါ။ ဒါနဲ့ မာဂဒလမာရိက "ရှိမုန်ပေတရုနဲ့ ယေရှုချစ်တဲ့ တပည့်" တမန်တော်ယောဟန်ဆီ ပြေးသွားတယ်။ (ယောဟန် ၂၀:၂)

တခြား အမျိုးသမီးတွေကတော့ သင်္ချိုင်းဂူမှာ ကောင်းကင်တမန်တစ်ပါးကို တွေ့လိုက်ရတယ်။ သင်္ချိုင်းဂူထဲမှာလည်း "ဝတ်လုံဖြူ ဝတ်ဆင်ထားတဲ့" ကောင်းကင်တမန်နောက်တစ်ပါး ရှိနေတယ်။ မာကု ၁၆:၅။

ကောင်းကင်တမန်က အမျိုးသမီးတွေကို "မကြောက်ပါနဲ့။ သစ်တိုင်ပေါ်မှာ ကွပ်မျက်ခံရတဲ့ ယေရှုကို ခင်ဗျားတို့ ရှာနေမှန်း ကျွန်တော်သိတယ်။ သူ ဒီနေရာမှာ မရှိဘူး။ သူပြောခဲ့တဲ့အတိုင်းပဲ အသက်ပြန်ရှင်လာပြီ။ အလောင်းထားတဲ့ နေရာကို လာကြည့်ပါ။ 'သူ သေရာကနေ အသက်ပြန်ရှင်လာပြီ။ ဂါလိလဲနယ်ကို အရင်သွားနှင့်ပြီ။ အဲဒီမှာ သူ့ကို တွေ့ရလိမ့်မယ်' ဆိုပြီး တပည့်တွေကို အမြန်သွားပြောလိုက်" လို့ပြောတယ်။ (မဿဲ ၂၈:၅-၇)

အမျိုးသမီးတွေလည်း "စိတ်လှုပ်ရှားလွန်းတော့ ကတုန်ကယင်ဖြစ်ပြီး" တပည့်တွေကို သွားပြောဖို့ သင်္ချိုင်းဂူထဲကနေ ထွက်ပြေးသွားကြတယ်။မာကု ၁၆:၈။။

ဒီအချိန်မှာ မာရိကတော့ ပေတရုနဲ့ ယောဟန်ကို တွေ့တယ်။ သူက အသက်တောင် မရှူနိုင်ဘဲ "သခင့်ကို သင်္ချိုင်းဂူထဲကနေ ယူသွားကြပြီ။ ဘယ်မှာထားလိုက်မှန်း မသိဘူး" လို့ပြောတယ်။ (ယောဟန် ၂၀:၂)

ပေတရုနဲ့ ယောဟန်လည်း သင်္ချိုင်းဂူရှိရာကို ပြေးသွားတယ်။ ယောဟန်က ပိုအပြေးမြန်လို့ အရင်ရောက်သွားတယ်။ ဂူထဲကို ကိုင်းပြီး ကြည့်လိုက်တဲ့အခါ ပိတ်ထည်တွေကိုပဲ တွေ့တယ်။ အထဲကိုတော့ မဝင်ဘူး။

အဲဒီနောက် ပေတရုရောက်လာပြီး သင်္ချိုင်းဂူထဲ ဝင်ကြည့်တဲ့အခါ ပိတ်ချောထည်တွေနဲ့ ယေရှုရဲ့ခေါင်းကိုပတ်တဲ့ ပိတ်စကို တွေ့တယ်။ ယောဟန်လည်း ဂူထဲကို ဝင်ကြည့်လိုက်တော့မှ မာရိပြောတာကို ယုံသွားတယ်။ ယေရှုက သူသေရာကနေ ပြန်ထမြောက်မယ်ဆိုပြီး အစောပိုင်းတုန်းက ပြောခဲ့ပေမဲ့ အဲဒီစကားကို သူတို့ နားမလည်သေးဘူး။ (မဿဲ ၁၆:၂၁) ဒါကြောင့် စိတ်ရှုပ်ရှုပ်နဲ့ အိမ်ကို ပြန်သွား ကြတယ်။ သင်္ချိုင်းဂူကို လိုက်လာတဲ့ မာရိကတော့ ဂူအပြင်မှာ ကျန်ရစ်ခဲ့တယ်။

ဒီအချိန်မှာ တခြားအမျိုးသမီးတွေက ယေရှုထမြောက်ပြီဆိုတာ တပည့်တွေကို ပြောပြဖို့ ပြေးသွားကြတယ်။ သွားနေတုန်း ယေရှုက သူတို့နဲ့တွေ့ပြီး "မင်္ဂလာပါ" လို့နှုတ်ဆက်တယ်။ သူတို့လည်း ယေရှုရဲ့ခြေရင်းနားမှာ "ဦးညွှတ်ကြတယ်။" ယေရှုက "မကြောက်ပါနဲ့။ ဂါလိလဲနယ်ကိုသွားဖို့ ကျွန်တော့်ညီအစ်ကိုတွေကို ပြောလိုက်ပါ။ အဲဒီမှာ ကျွန်တော့်ကို တွေ့ရလိမ့်မယ်" လို့ပြောတယ်။မဿဲ ၂၈:၉၊ ၁၀။

ခုနတုန်းက လျှပ်လှုပ်ပြီး ကောင်းကင်တမန်တွေ ပေါ်လာတဲ့အခါ သင်္ချိုင်းဂူမှာ စောင့်ကြပ်နေတဲ့ စစ်သည်တွေ "ကြောက်ဒူးတုန်ပြီး ကြက်သေသေနေကြတယ်။" သူတို့ သတိပြန်ရတဲ့အခါ မြို့ထဲဝင်ပြီး "ပုရောဟိတ်ကြီးတွေကို ဖြစ်ကြောင်းကုန်စင် ပြောပြတယ်။" ပုရောဟိတ်ကြီးတွေက အကြီးအကဲတွေနဲ့ တိုင်ပင်ပြီးနောက် စစ်သည်တွေကို ငွေပေးပြီး အဖြစ်မှန်ကို ဖုံးကွယ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ "ညမှာ ကျွန်တော်တို့ အိပ်ပျော်နေတုန်း သူ့တပည့်တွေ အလောင်းကို လာခိုးသွားတယ်" လို့ စစ်သည်တွေကို ပြောခိုင်းလိုက်တယ်။မဿဲ ၂၈:၄၊ ၁၁၊ ၁၃။

ရောမစစ်သားတွေဟာ တာဝန်ချိန်အတွင်း အိပ်ပျော်နေမယ်ဆိုရင် သေဒဏ်စီရင်ခံရနိုင်တယ်။ ဒါကြောင့် ပုရောဟိတ်တွေက "ဒီသတင်း [သူတို့အိပ်ပျော်နေတယ်လို့ လိမ်ပြောတာ] ဘုရင်ခံနားထဲ ပေါက်ကြားသွားရင် မင်းတို့ အမှုမပတ်အောင် ကျုပ်တို့ ကြည့်ပြောပေးမယ်" လို့ ကတိပေးတယ်။ (မဿဲ ၂၈:၁၄)

စစ်သည်တွေလည်း ငွေကိုယူပြီး ပုရောဟိတ်တွေ မှာထားတဲ့အတိုင်း ပြောကြတယ်။ ဒါကြောင့် ယေရှုရဲ့အလောင်း အခိုးခံရတယ်ဆိုတဲ့ မဟုတ်မမှန်သတင်း ဂျူးတွေအလယ်မှာ ပျံ့သွားတယ်။



သင်္ချိုင်းဂူမှာ ကျန်ရစ်ခဲ့တဲ့ မာဂဒလမာရိကတော့ ဝမ်းနည်းတကြီး ငိုနေရင်း ဂူထဲကို ကိုင်းပြီး ကြည့်လိုက်တဲ့အခါ ဝတ်လုံဖြူဝတ်ထားတဲ့ ကောင်းကင်တမန်နှစ်ပါးကို တွေ့လိုက်တယ်။ အလောင်းထားတဲ့ နေရာမှာ ခေါင်းရင်း တစ်ယောက်၊ ခြေရင်း တစ်ယောက် ထိုင်နေကြတာ။ သူတို့က "ဘာလို့ ငိုနေတာလဲ" ဆိုပြီးမေးတော့ မာရိက "ကျွန်မရဲ့သခင်ကို တစ်ယောက်ယောက် ယူသွားလိုက်ပြီ။ ဘယ်မှာထားမှန်း မသိဘူး" လို့ဖြေတယ်။ အဲဒီလိုဖြေပြီး နောက်ကို လှည့်ကြည့်တဲ့အခါ လူတစ်ယောက်ကို မြင်တယ်။ အဲဒီလူကလည်း ကောင်းကင်တမန်တွေ မေးတဲ့အတိုင်း "ဘာလို့ ငိုနေတာလဲ။ ဘယ်သူ့ကို ရှာနေတာလဲ" လို့မေးတယ်။ မာရိက သူ့ကို ဥယျာဉ်စောင့်အထင်နဲ့ "ဆရာ၊ အလောင်းကို ယူသွားတယ်ဆိုရင် ဘယ်မှာထားသလဲ ပြောပြပါ။ ကျွန်မ ယူသွားမယ်" လို့ပြောတယ်။ယောဟန် ၂၀:၁၃-၁၅။

တကယ်တော့ မာရိက ရှင်ပြန်ထမြောက်လာတဲ့ ယေရှုနဲ့ စကားပြောနေတာ။ ဒါပေမဲ့ ယေရှုမှန်း မသိဘူး။ ယေရှုက "မာရိ" လို့လည်း ခေါ်လိုက်ရော ရင်းနှီးနေတဲ့ လေသံကို မာရိ ချက်ချင်း မှတ်မိသွားပြီး "*ရဗ္ဗုနိ*"(အဓိပ္ပာယ် "ဆရာ") လို့ ဝမ်းသာအားရ ထူးလိုက်တယ်။ ပြီးတော့ ယေရှု ကောင်းကင်တက်သွားမှာစိုးလို့ အတင်းဆွဲထားတယ်။ ဒါကြောင့် ယေရှုက "ကျွန်တော့်ကို မဆွဲထားနဲ့။ အဖဘုရားဆီ ကျွန်တော် မသွားသေးဘူး။ အခု၊ ညီအစ်ကိုတွေဆီသွားပြီး 'ကျွန်တော့်အဖဖြစ်တဲ့ ခင်ဗျားတို့ရဲ့အဖ၊ ကျွန်တော့်ဘုရားသခင်ဖြစ်တဲ့ ခင်ဗျားတို့ရဲ့ ဘုရားသခင်ဆီ ကျွန်တော် သွားရတော့မယ်' လို့ပြောပေးပါ" ဆိုပြီးမှာတယ်။ယောဟန် ၂၀:၁၆၊ ၁၇။

မာရိလည်း တမန်တော်တွေနဲ့ တပည့်တွေ စုဝေးတဲ့နေရာကို ပြေးသွားပြီး "သခင့်ကို ကျွန်မ တွေ့လိုက်တယ်" လို့ပြောတယ်။ (ယောဟန် ၂၀:၁၈)

တခြားအမျိုးသမီးတွေ ပြောတဲ့စကားအပြင် အခု မာရိပြောတဲ့စကားကိုလည်း ထပ်ကြားရပေမဲ့ "ယုတ္တိမရှိပုံပေါက်နေတော့ သူတို့ မယုံကြဘူး။"လုကာ ၂၄:၁၁။



**တပည့်များစွာကို ကိုယ်ယောင်ထင်ရှားပြ**

**လုကာ ၂၄:၁၃-၄၉ ယောဟန် ၂၀:၁၉-၂၉**

- **ဧမောက်ရွာကို သွားတဲ့လမ်းမှာ ယေရှုပေါ်လာ**
- **ကျမ်းချက်တွေရဲ့အဓိပ္ပာယ်နားလည်အောင် အကြိမ်ကြိမ် ရှင်းပြ**
- **သောမ သံသယပျောက်သွား**

နိသန် ၁၆ ရက်၊ တနင်္ဂနွေနေ့မှာ တပည့်တွေ ကြောက်နေကြတယ်။ သင်္ချိုင်းဂူ ဘာလို့ ဟာလာဟင်းလင်းဖြစ်နေမှန်း နားမလည်ကြဘူး။ (မဿဲ ၂၈:၉၊ ၁၀။ လုကာ ၂၄:၁၁)

အဲဒီနေ့ ညနေပိုင်းလောက်မှာ ကလောဖနဲ့ နောက်တပည့်တစ်ယောက်ဟာ ဂျေရုဆလင်မြို့ကနေ ခုနစ်မိုင်လောက်ဝေးတဲ့ ဧမောက်ရွာကို သွားနေကြတယ်။ ခရီးသွားရင်း ဖြစ်ပျက်ခဲ့သမျှကို အချင်းချင်း ပြောဆိုဆွေးနွေးနေကြတယ်။ ဒီလိုပြောနေတုန်း သူစိမ်းတစ်ယောက် ရောက်လာပြီး သူတို့နဲ့အတူ လိုက်လာတယ်။ သူက "ခင်ဗျားတို့ ခရီးသွားရင်း ဘာအကြောင်းတွေ ငြင်းခုံနေကြတာလဲ" လို့မေးတော့ ကလောဖက "ဂျေရုဆလင်မြို့မှာနေပြီး ဒီရက်ပိုင်းမှာ ဘာတွေဖြစ်နေမှန်း ခင်ဗျားတစ်ယောက်ပဲ မသိတာဆိုတော့ ခင်ဗျားဟာ တိုင်းတစ်ပါးသားလား" လို့ပြောတယ်။ သူစိမ်းကလည်း "ဘာအကြောင်းများပါလိမ့်" ဆိုပြီးမေးတယ်။ လုကာ ၂၄:၁၇-၁၉။

သူတို့က "နာဇရက်မြို့သား ယေရှုရဲ့အကြောင်းပေါ့။" "အစ္စရေးလူမျိုးကို ကယ်တင်မယ့်သူအဖြစ် သူ့ကို ကျွန်တော်တို့ မျှော်လင့်ခဲ့တာ" လို့ပြောတယ်။ လုကာ ၂၄:၁၉-၂၁။



ပြီးတော့ အဲဒီနေ့မှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို ပြောပြတယ်။ အမျိုးသမီးတချို့ ယေရှုရဲ့သင်္ချိုင်းဂူကို ရောက်သွားပေမဲ့ ဟာလာဟင်းလင်းဖြစ်နေတာကို တွေ့ခဲ့ရကြောင်း၊ ထူးဆန်းတာက ယေရှု အသက်ပြန်ရှင်ပြီ
လို့ပြောတဲ့ ကောင်းကင်တမန်တွေကို အမျိုးသမီးတွေ မြင်ခဲ့ရကြောင်း ပြောပြတယ်။ တချို့သူတွေ သင်္ချိုင်းဂူကို သွားကြည့်တော့လည်း "သူတို့ပြောတဲ့အတိုင်း ဟုတ်နေတယ်" ဆိုပြီးပြောပြတယ်။—လုကာ ၂၄:၂၄။

အဲဒီတပည့်နှစ်ယောက်ဟာ အဖြစ်အပျက်တွေရဲ့အဓိပ္ပာယ်ကို နားမလည်ကြဘူး။ ဒီအခါ သူစိမ်းက သူတို့ရဲ့အတွေးအခေါ်ကို တည့်မတ်ပေးတယ်။ "ပရောဖက်တွေ ပြောခဲ့သမျှကို နာယူချင်စိတ်မရှိတဲ့ အသိဉာဏ်မဲ့သူတို့၊ ခရစ်တော်ဟာ ဘုန်းအသရေ ရရှိဖို့ ဒီလိုဝေဒနာတွေ ခံရမှာပဲ မဟုတ်လား" ဆိုပြီး ပိုင်ပိုင်နိုင်နိုင် ပြောတဲ့အခါ သူတို့ စိတ်ထိမိသွားကြတယ်။ (လုကာ ၂၄:၂၅၊ ၂၆)

ဒီနောက် ခရစ်တော်နဲ့ ပတ်သက်ပြီး ကျမ်းစောင်တွေထဲမှာ ရေးထားသမျှကို ဆက်ရှင်းပြတယ်။ ဒီလိုနဲ့ သူတို့သွားမယ့်ရွာနား ရောက်လာတယ်။ တပည့်နှစ်ယောက်က ထပ်သိချင်သေးတာမို့ သူစိမ်းကို "ကျွန်တော်တို့ဆီမှာပဲ တည်းလိုက်ပါ။ နေ့တာကုန်လို့ မိုးတောင်ချုပ်တော့မယ်" ဆိုပြီး တိုက်တွန်းနေတာနဲ့ သူလည်း သူတို့ဆီမှာ ဝင်တည်းလိုက်တယ်။ သူတို့တွေ စားသောက်ဖို့ပြင်တော့ သူစိမ်းက ဆုတောင်းပြီးတဲ့နောက် မုန့်ကိုဖဲ့ပြီး သူတို့ကို ပေးတယ်။ အဲဒီအခါကျမှ ယေရှုဖြစ်နေမှန်း မှတ်မိသွားကြပေမဲ့ ယေရှု ကွယ်ပျောက်သွားတယ်။ (လုကာ ၂၄:၂၉-၃၁)

အခုတော့ ယေရှု အသက်ပြန်ရှင်ပြီဆိုတာ သေချာပေါက် သိသွားကြပြီ။ တပည့်နှစ်ယောက်လည်း စိတ်လှုပ်ရှားလွန်းလို့ "လမ်းမှာ ငါတို့ကို သူစကားတွေပြောပြီး ကျမ်းချက်တွေ အသေအချာ ရှင်းပြတုန်းက ငါတို့ရင်ထဲမှာ လှိုက်ဆူသွားတာပဲ မဟုတ်လား" ဆိုပြီးပြောတယ်။ (လုကာ ၂၄:၃၂)

ပြီးတာနဲ့ ဂျေရုဆလင်မြို့ကို ထပြန်သွားကြတယ်။ အဲဒီမှာ တမန်တော်တွေနဲ့ တခြားတပည့်တွေကို တွေ့တယ်။ ကလောဖနဲ့ သူ့အဖော် ဘာမှ မပြောရသေးခင် တခြားသူတွေက "သခင် အသက်ပြန်ရှင်လာတာ အမှန်ပဲ။ ရှိမုန်ကို လာတွေ့သွားတယ်" လို့ပြောကြတယ်။ (လုကာ ၂၄:၃၄)

သူတို့နှစ်ယောက်လည်း ယေရှု ကိုယ်ယောင်ထင်ရှားပြတဲ့အကြောင်း ပြန်ပြောပြတယ်။ မှန်ပါတယ်၊ သူတို့လည်း မျက်မြင်သက်သေတွေပါပဲ။

အဲဒီလိုပြောနေတုန်း အခန်းထဲမှာ ယေရှု ပေါ်လာတဲ့အခါ အားလုံး လန့်ဖျပ်သွားကြတယ်။ တကယ်တော့ သူတို့က ဂျူးတွေကိုကြောက်လို့ တံခါးပိတ်ထားကြတာ။ အခု သူတို့အလယ်မှာ ယေရှု ရပ်နေတာကိုကြည့်ပြီး မယုံနိုင်အောင် ဖြစ်နေကြတယ်။ ဒါနဲ့ ယေရှုက "ငြိမ်သက်ခြင်း ရှိပါစေ" လို့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်။ သူတို့ကတော့ ကြောက်နေကြတယ်။ အရင်တစ်ခါတုန်းကလိုပဲ "ဝိညာဉ်ပုဂ္ဂိုလ် ပေါ်လာတယ်လို့" ထင်နေကြတယ်။လုကာ ၂၄:၃၆၊ ၃၇။ မဿဲ ၁၄:၂၅-၂၇။

ယေရှုက သူဟာ ဝိညာဉ်မဟုတ်ဘဲ သွေးသားခန္ဓာရှိကြောင်း သက်သေထူဖို့ သူ့ခြေလက်တွေကို ပြလိုက်ပြီး "ဘာလို့ လန့်သွားတာလဲ။ ဘာလို့ သံသယဝင်နေတာလဲ။ ဒီမှာ ကျွန်တော့်ခြေလက်တွေကို ကြည့်။ ကျွန်တော်ပါပဲ။ ကိုင်ကြည့်၊ စမ်းကြည့်ကြပါဦး။ ဝိညာဉ်ပုဂ္ဂိုလ်ဆိုရင် ဘယ်လိုလုပ်ပြီး ကျွန်တော့်လို အရိုးတွေ၊ အသားတွေ ရှိနိုင်မှာလဲ" လို့ပြောတယ်။ (လုကာ ၂၄:၃၆-၃၉)

သူတို့လည်း အံ့သြပြီး သိပ်ဝမ်းသာသွားပေမဲ့ မယုံနိုင်ကြသေးဘူး။ ယေရှုက သူ တကယ့် လူသားဖြစ်မှန်း သူတို့ယုံအောင် "စားစရာ တစ်ခုခုရှိသလား" လို့မေးတယ်။ ပြီးတော့ သူတို့ပေးတဲ့ ငါးကင်တစ်ပိုင်းကို ယူပြီး စားပြလိုက်တယ်။ ဒီနောက် "ကျွန်တော် ခင်ဗျားတို့နဲ့အတူ ရှိခဲ့တုန်းက [မသေခင်တုန်းက] မောရှေရဲ့ပညတ်ကျမ်း၊ ပရောဖက်ကျမ်းတွေနဲ့ ဆာလံကျမ်းမှာ ကျွန်တော့်အကြောင်း ရေးထားသမျှ ပြည့်စုံရမယ်လို့ ပြောခဲ့တာပဲ" ဆိုပြီး ပြောတယ်။လုကာ ၂၄:၄၁-၄၄။

ကလောဖနဲ့ သူ့အဖော်ကို ကျမ်းစကားတွေ နားလည်အောင် ယေရှုကူညီပေးခဲ့ပြီးပြီ။ အခုလည်း ဒီနေရာမှာ စုဝေးနေသူ အားလုံးကို အခုလို ရှင်းပြတယ်– "ကျမ်းစာမှာ ခရစ်တော်ဟာ ဝေဒနာခံရမယ်၊ သုံးရက်မြောက်နေ့မှာ သေရာကနေ အသက်ပြန်ရှင်လာမယ်၊ လူတွေ အပြစ်ခွင့်လွှတ်ခံရဖို့ နောင်တယူရမယ်ဆိုတဲ့အကြောင်း ဂျေရုဆလင်မြို့ကစပြီး လူမျိုးအားလုံးကို သူ့နာမည်အမှီပြုပြီး ဟောပြောရမယ်လို့ ရေးထားတယ်။ အဲဒီအကြောင်းတွေကို ခင်ဗျားတို့ သက်သေခံရမယ်။"—လုကာ ၂၄:၄၆-၄၈။

တမန်တော်သောမက အကြောင်းတစ်ခုခုကြောင့် အဲဒီနေရာမှာ မရှိဘူး။ နောက်နေ့တွေကျတော့ ကျန်တပည့်တွေက "ငါတို့ သခင့်ကို မြင်လိုက်ရတယ်" လို့ ဝမ်းသာအားရ ပြောတဲ့အခါ သောမက "ကျွန်တော်ကတော့ သခင့်လက်မှာရှိတဲ့ သံရိုက်ရာကို မမြင်မစမ်းရရင်၊ နံဘေးကို လက်နဲ့ မစမ်းရရင် လုံးဝမယုံဘူး"



လို့ပြန်ပြောတယ်။—ယောဟန် ၂၀:၂၅။

ရှစ်ရက်ကြာပြီးနောက် တပည့်တွေက အိမ်တစ်အိမ်မှာ တံခါးတွေပိတ်ပြီး စုဝေးကြပြန်တယ်။ ဒီတစ်ခါတော့ သောမလည်း ရှိနေတယ်။ သူတို့အလယ်မှာ ယေရှုက သွေးသားခန္ဓာကိုယ်နဲ့ ပေါ်လာပြီး "ငြိမ်သက်ခြင်း ရှိပါစေ" လို့ပြောတယ်။ အဲဒီနောက် သောမကိုကြည့်ပြီး "ကျွန်တော့်လက်က ဟောဒီသံရိုက်ရာကို စမ်းကြည့်။

ကျွန်တော့်နံဘေးကိုလည်း လက်နဲ့စမ်းကြည့်ပါ။ မယုံမရှိနဲ့။ ယုံလိုက်စမ်းပါ" ဆိုတော့ သောမက "ကျွန်တော့်သခင်၊ ကျွန်တော့်ဘုရားပါလား" လို့ပြောတယ်။ (ယောဟန် ၂၀:၂၆-၂၈)

မှန်ပါတယ်၊ သခင်ဘုရားရဲ့ ကိုယ်စားလှယ်၊ ဝိညာဉ်ပုဂ္ဂိုလ်အဖြစ် ယေရှု အသက်ပြန်ရှင်ပြီဆိုတာ အခု သောမ သံသယမရှိတော့ဘူး။ ယေရှုက "ခင်ဗျား ကျွန်တော့်ကိုမြင်ရလို့ ယုံတာလား။ ကျွန်တော့်ကိုမမြင်ဘဲနဲ့ ယုံတဲ့သူဟာ ပျော်ရွှင်ချမ်းမြေ့ရလိမ့်မယ်" လို့ဆက်ပြောတယ်။ယောဟန် ၂၀:၂၉။



**ပင်တေကုတ္တေပွဲနေ့မတိုင်ခင် ယေရှုကို တပည့်များစွာမြင်ရ**

မဿဲ ၂၈:၁၆-၂၀ လုကာ ၂၄:၅၀-၅၂ တမန်တော် ၁:၁-၁၂။ ၂:၁-၄

- **တပည့်များစွာရှေ့ ကိုယ်ယောင်ထင်ရှားပြ**
- **ယေရှု ကောင်းကင်တက်သွား**
- **တပည့် ၁၂၀ အပေါ် သန့်ရှင်းသော စွမ်းအားတော် သွန်းလောင်း**

ယေရှု ရှင်ပြန်ထမြောက်ပြီးနောက် ဂါလိလဲနယ်က တောင်မှာ တမန်တော် ၁၁ ယောက်နဲ့ တွေ့ဆုံဖို့ စီစဉ်တယ်။ အဲဒီမှာ တခြားတပည့် ၅၀၀ လောက်လည်း ရှိနေတယ်။ တချို့ကတော့ သံသယဖြစ်နေတုန်းပဲ။ (မဿဲ ၂၈:၁၇။ ၁ ကောရိန္သု ၁၅:၆)

ဒါပေမဲ့ အခု ယေရှု ပြောတဲ့စကားတွေက သူ တကယ် အသက်ရှင်ပြီဆိုတာ တပည့်ယောက်တိုင်း ယုံကြည်နိုင်အောင် ကူညီပေးတယ်။

ယေရှုက ဘုရားသခင်ဟာ ကောင်းကင်မှာရော မြေကြီးမှာပါ အခွင့်အာဏာရှိသမျှကို သူ့ကိုပေးထားပြီလို့ ပြောပြတယ်။ “ဒါကြောင့် လူမျိုးတကာဆီ သွားပြီး လူတွေကို ကျွန်တော့်တပည့်ဖြစ်လာအောင် သွန်သင်ပေးကြပါ။ အဖဘုရားရဲ့နာမည်၊ သားတော်ရဲ့နာမည်၊ သန့်ရှင်းသော စွမ်းအားတော်ရဲ့နာမည်နဲ့ နှစ်ခြင်းပေးကြပါ။ ကျွန်တော် မိန့်မှာထားသမျှကို လိုက်နာဖို့ သွန်သင်ပေးကြပါ” လို့ မှာတယ်။ (မဿဲ ၂၈:၁၈-၂၀)

မှန်ပါတယ်၊ ယေရှုဟာ အသက်ရှင်နေပြီဖြစ်တဲ့အပြင် သတင်းကောင်း ဟောပြောခြင်းလုပ်ငန်းကိုလည်း စိတ်ဝင်စားနေတုန်းပဲ။

ယေရှုရဲ့နောက်လိုက်ဖြစ်တဲ့ ယောက်ျား၊ မိန်းမ၊ ကလေး အားလုံးဟာ တပည့်ဖြစ်စေခြင်း တာဝန်ကို ရထားကြတယ်။ ဟောပြောခြင်းနဲ့ သွန်သင်ခြင်းလုပ်ငန်း ရပ်တန့်သွားအောင် တခြားသူတွေ



ကြိုးစားမှာဖြစ်ပေမဲ့ ယေရှုက “ကောင်းကင်မှာရော မြေကြီးမှာပါ အခွင့်အာဏာရှိသမျှကို ကျွန်တော့်ကို ပေးထားပြီ” လို့ပြောပြီး သူတို့ကို အားပေးတယ်။ အဲဒါက နောက်လိုက်တွေအတွက် ဘယ်လို အဓိပ္ပာယ်ရှိသလဲ။ “လောကစနစ် နိဂုံးပိုင်းအထိ ခင်ဗျားတို့နဲ့အတူ ကျွန်တော် အမြဲရှိနေမယ်” လို့ ယေရှုပြောတယ်။ သတင်းကောင်း ဟောပြောခြင်းလုပ်ငန်းမှာ ပါဝင်သူအားလုံးဟာ အံ့ဖွယ်အမှုတွေ လုပ်နိုင်မယ်လို့ ယေရှု ပြောနေတာ မဟုတ်ဘူး။ ဒါပေမဲ့ သန့်ရှင်းသောစွမ်းအားတော်ရဲ့ ကူညီထောက်မမှုကို သူတို့ ရရှိပါလိမ့်မယ်။

ယေရှုက ရှင်ပြန်ထမြောက်ပြီးနောက် “ရက်ပေါင်း ၄၀ ပတ်လုံး” တပည့်တွေကို ကိုယ်ယောင်ထင်ရှားပြတယ်။ ကိုယ်ခန္ဓာအမျိုးမျိုးနဲ့ တပည့်တွေရှေ့ ပေါ်လာပြီး “အသက်ပြန်ရှင်လာတယ်ဆိုတဲ့ ခိုင်လုံတဲ့အထောက်အထားများစွာ” ပြတဲ့အပြင် “ဘုရားသခင့် နိုင်ငံတော် အကြောင်း” ရှင်းပြခဲ့တယ်။တမန်တော် ၁:၃။ ၁ ကောရိန္သု ၁၅:၇။

ဂါလိလဲနယ်မှာ တမန်တော်တွေ ရှိနေတုန်း ယေရှုက သူတို့ကို ဂျေရုဆလင်မြို့ကို ပြန်ခိုင်းတယ်။ မြို့မှာ သူတို့နဲ့ တွေ့ဆုံတဲ့အခါ “ဂျေရုဆလင်ကနေ မထွက်သွားပါနဲ့။ ကောင်းကင်အဖ ကတိပေးထားတဲ့အရာကို စောင့်နေကြပါ။ အဲဒီကတိအကြောင်း ခင်ဗျားတို့ကို ကျွန်တော် ပြောပြပြီးသားပဲ။ ယောဟန်က ရေနဲ့ နှစ်ခြင်းပေးခဲ့တယ်။ ခင်ဗျားတို့ကတော့ မကြာခင် သန့်ရှင်းသော စွမ်းအားတော်နဲ့ နှစ်ခြင်းခံရလိမ့်မယ်” ဆိုပြီး မှာတယ်။—တမန်တော် ၁:၄၊ ၅။

ယေရှုက တမန်တော်တွေနဲ့ နောက်တစ်ကြိမ် ပြန်တွေ့ဆုံပြီး သံလွင်တောင် အရှေ့ဘက် တောင်စောင်းမှာရှိတဲ့ “ဗေသနိရွာဆီ ခေါ်သွားတယ်။” (လုကာ ၂၄:၅၀)
သူထွက်သွားတော့မယ့်အကြောင်း အများကြီးပြောပြထားပေမဲ့ သူတို့စိတ်ထဲမှာ နိုင်ငံတော်ဟာ မြေကြီးပေါ်မှာ တစ်နည်းနည်းနဲ့ တည်ထောင်လိမ့်မယ်လို့ ထင်နေကြတုန်းပဲ။လုကာ ၂၂:၁၆၊ ၁၈၊ ၃၀။ ယောဟန် ၁၄:၂၊ ၃။

ဒါကြောင့် “သခင်၊ အစ္စရေးလူမျိုးအတွက် နိုင်ငံကို အခု ပြန်တည်ထောင်ပေးမှာလား” လို့မေးကြတယ်။ ယေရှုက “ကောင်းကင်အဖ သတ်မှတ်တဲ့ အချိန်ကာလတွေအကြောင်း ခင်ဗျားတို့ သိခွင့်မရှိဘူး” လို့ပြောပြီးနောက် သူတို့လုပ်ရမယ့် အလုပ်အကြောင်း အခုလို ထပ်အလေးပေးပြောတယ်– “ခင်ဗျားတို့ သန့်ရှင်းသော စွမ်းအားတော်ရတဲ့အခါ တန်ခိုးရပြီး ဂျေရုဆလင်မြို့၊ ယုဒပြည်တစ်ဝန်းလုံး၊ ရှမာရိပြည်၊ ကမ္ဘာမြေ အစွန်အဖျားအထိ ကျွန်တော့်အကြောင်း သက်သေခံကြလိမ့်မယ်။”တမန်တော် ၁:၆-၈။



ယေရှုဟာ သံလွင်တောင်ပေါ်မှာ တမန်တော်တွေနဲ့အတူ ရှိနေတုန်း ကောင်းကင်ကို တက်သွားတယ်။ ခဏကြာတော့ သူ့ကို မိုးတိမ်ကွယ်သွားတဲ့အတွက် မမြင်ရတော့ဘူး။ ယေရှုဟာ ရှင်ပြန်ထမြောက်ပြီးနောက် သွေးသားခန္ဓာအမျိုးမျိုးနဲ့ ကိုယ်ယောင်ထင်ရှားပြတယ်။ အခုတော့ အဲဒီခန္ဓာကိုစွန့်ပြီး ဝိညာဉ်သတ္တဝါအဖြစ် ကောင်းကင်ကို တက်သွားပြီ။ (၁ ကောရိန္သု ၁၅:၄၄၊ ၅၀။ ၁ ပေတရု ၃:၁၈) သစ္စာရှိတမန်တော်တွေ ယေရှုကို ကြည့်နေတုန်း “အဖြူရောင် ဝတ်ဆင်ထားသူနှစ်ယောက်” သူတို့အနားမှာ ပေါ်လာတယ်။ သွေးသားခန္ဓာနဲ့ ပေါ်လာတဲ့ ကောင်းကင်တမန်နှစ်ပါးပဲ။ သူတို့က “ဂါလိလဲလူတို့၊ ကောင်းကင်ကို ဘာလို့ မော့ကြည့်နေတာလဲ။ ယေရှု ကောင်းကင်ကို ဆောင်ယူခံရတာ ခင်ဗျားတို့ မြင်ရပြီ။ အဲဒီနည်းအတိုင်းပဲ သူပြန်လာလိမ့်မယ်” လို့ပြောတယ်။တမန်တော် ၁:၁၀၊ ၁၁။

ယေရှုဟာ မြေကြီးပေါ်ကနေ ကြီးကျယ်ခမ်းနားစွာနဲ့ လူသိရှင်ကြား ထွက်သွားတာ မဟုတ်ဘူး။ သူထွက်သွားတာကို သစ္စာရှိ နောက်လိုက်တွေပဲ မြင်ခဲ့ရတယ်။ “အဲဒီနည်းအတိုင်းပဲ” သူပြန်လာလိမ့်မယ်။ ကြီးကျယ်ခမ်းနားစွာ၊ လူသိရှင်ကြား ပြန်လာမှာမဟုတ်ဘူး။ နိုင်ငံတော်အာဏာနဲ့ သူရောက်ရှိခြင်းကို သစ္စာရှိနောက်လိုက်တွေပဲ ပိုင်းခြားသိမြင်ပါလိမ့်မယ်။ တမန်တော်တွေလည်း ဂျေရုဆလင်မြို့ကို ပြန်သွားကြတယ်။ နောက်နေ့တွေမှာ သူတို့က “ယေရှုရဲ့ညီတွေ၊ မိခင်မာရိ၊” တခြားတပည့်တွေနဲ့အတူ စုဝေးနေကြတယ်။ (တမန်တော် ၁:၁၄)

သူတို့အားလုံး အမြဲ ဆုတောင်းနေကြတယ်။ ဆုတောင်းတဲ့ ကိစ္စ တစ်ခုကတော့ ယုဒရှကာရုတ်နေရာမှာ အစားထိုးမယ့်၊ တမန်တော် ၁၂ ယောက်အဝင်ဖြစ်မယ့် တပည့်ကို ရွေးချယ်ဖို့ပါ။ (မဿဲ ၁၉:၂၈)



ယေရှု လုပ်ဆောင်ခဲ့တာတွေနဲ့ ရှင်ပြန်ထမြောက်တာကို မြင်တွေ့ခဲ့တဲ့ မျက်မြင်သက်သေ တပည့်တစ်ယောက်ကို သူတို့ ရွေးချယ်ချင်တာ။ ဒါကြောင့် ဘုရားသခင့်အလိုတော်ကို သိနိုင်ဖို့ မဲချကြတယ်။ ဒါက မဲချခြင်းနဲ့ပတ်သက်ပြီး ကျမ်းစာမှာ နောက်ဆုံးဖော်ပြထားတာပဲ။ (ဆာလံ ၁၀၉:၈။မဲချတဲ့အခါ ဟောပြောဖို့ ယေရှုစေလွှတ်ခဲ့တဲ့ တပည့် ၇၀ ထဲက ဖြစ်ပုံရတဲ့ မဿိ မဲကျတာကြောင့် “ကျန်တဲ့ ၁၁ ယောက်နဲ့အတူ တမန်တော်ဖြစ်ခွင့် ရသွားတယ်။”တမန်တော် ၁:၂၆။

ယေရှု ကောင်းကင်တက်သွားပြီး ဆယ်ရက်အကြာမှာ အေဒီ ၃၃၊ ပင်တေကုတ္တေပွဲတော်ကို ဂျူးတွေ ကျင်းပကြတယ်။ တပည့် ၁၂၀ လောက်ဟာ ဂျေရုဆလင်မြို့မှာရှိတဲ့ အိမ်တစ်အိမ်ရဲ့အပေါ်ထပ်အခန်းမှာ စုဝေးနေကြတယ်။ အဲဒီအချိန်မှာ လေပြင်းတိုက်သလို အသံတစ်သံ ရုတ်တရက်ပေါ်လာပြီး အိမ်တစ်အိမ်လုံး ပျံ့သွားတယ်။ လျှာလို မီးလျှံတွေလည်း ပေါ်လာတယ်။ မီးလျှံတွေ အဖြာဖြာကွဲပြီး တစ်ယောက်စီရဲ့ခေါင်းပေါ် ရောက်သွားတယ်။ တပည့်အားလုံး ဘာသာစကားမျိုးစုံနဲ့ ပြောဆိုကြတော့တယ်။ ဒါက ယေရှုကတိပေးခဲ့တဲ့အတိုင်း သန့်ရှင်းသောစွမ်းအားတော် သွန်းလောင်းလိုက်တာပဲ။ယောဟန် ၁၄:၂၆။